ပြည်သူ့လွှတ်တော်ရုံး
သုတေသနဌာန

ရက်စွဲ။ ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၁ ရက်

# COVID-19 ကာလအတွင်း မြန်မာ့လယ်ယာထွက်ကုန်များအပေါ် သက်ရောက်မှုအခြေအနေ





ဤစာတမ်းတိုတွင် COVID-19 ကာလမတိုင်မီနှင့် COVID-19 ကာလအတွင်း မြန်မာ့လယ်ယာစိုက်ပျိုးရေးကဏ္ဍ၏အခြေအနေ၊ လယ်ယာစိုက်ပျိုးရေးကဏ္ဍအပေါ် သက်ရောက်မှုများနှင့် အားသာချက်များ၊ လယ်ယာစိုက်ပျိုးရေးကဏ္ဍအတွက် ချေးငွေနှင့်အကူအညီအထောက်အပံ့ရရှိမှုများ၊ အစိုးရ၏ဆောင်ရွက်ချက်များ၊ စိုက်ပျိုးရေးပညာရှင်များ၏အမြင်များနှင့် အိမ်နီးချင်းနိုင်ငံဖြစ်သောအိန္ဒိယနိုင်ငံ၏ COVID-19 ကာလ လယ်ယာကဏ္ဍအပေါ်သက်ရောက်မှုများနှင့် ကုစားမှုများအား ရေးသားဖော်ပြထားပါသည်။

စာတမ်းတိုအမှတ်စဉ် (၁၄၉)

ဤစာတမ်းတိုနှင့်ပတ်သက်၍ သတိပြုရန်အချက်များအား နောက်ဆုံးစာမျက်နှာတွင် ဖော်ပြထားသည်။

## အကျဉ်းချုပ်

COVID–19 ရောဂါ၏သက်ရောက်မှုသည် လူမှုရေး၊ စီးပွားရေးကဏ္ဍအစုံတို့ကို ရိုက်ခတ်မှုများရှိသကဲ့သို့ ကျေးလက်နေလူထု ၇၀ ရာခိုင်နှုန်းကျော်၏ အသက်မွေးဝမ်းကျောင်းဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍအပေါ်တွင်လည်း သက်ရောက်မှုများရှိနေပါသည်။ အဓိကအချက်မှာ ပြည်ပပို့လယ်ယာထွက်ကုန်တင်ပို့မှု နှောင့်နှေးခဲ့၍ မြန်မာ့သစ်သီးဝလံဈေးနှုန်းများ ကျဆင်းသွားခြင်းဖြစ်ပါသည်။ ထို့ကြောင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးသည့်လယ်သမားများ ထိခိုက်ဆုံးရှုံးမှု ရှိခဲ့ပါသည်။ COVID–19 ကာလအတွင်း သွားလာမှုကန့်သတ်ခြင်း၊ ကုန်စည်ပို့ဆောင်ရေးနှင့် သယ်ယူပို့ဆောင်ရေးစနစ် ရပ်တန့်သွားခြင်း၊ နယ်စပ်ဖြတ်ကျော်ခွင့်များ တင်းကျပ်လိုက်ခြင်းအပါအဝင် COVID–19 ကူးစက်မှု တားဆီးကာကွယ်ရေးနည်းလမ်းများ ချမှတ်ကျင့်သုံးရသည့်အတွက် အခြားတစ်ဖက်တွင် စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးမွေးမြူရေးစနစ်ကို အတားအဆီးများဖြစ်စေပါသည်။

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | နိဒါန်း | ၄ |
| ၂။ | ရည်ရွယ်ချက် | ၄ |
| ၃။ | အချက်အလက်များဖော်ပြမှုနည်းနာနိဿယများ | ၅ |
| ၄။ | လယ်ယာကဏ္ဍလက်တလောအခြေအနေ | ၅ |
| ၅။ | COVID–19 ကာလအတွင်း လယ်ယာစိုက်ပျိုးရေးကဏ္ဍအပေါ် သက်ရောက်မှုများ | ၆ |
| ၆။ | စိုက်ပျိုးရေးပို့ကုန်ကဏ္ဍထိခိုက်မှု | ၈ |
| ၇။ | COVID–19 ကာလ စိုက်ပျိုးရေးကဏ္ဍ သက်ဆိုင်သူများအလိုက် စိန်ခေါ်မှုနှင့် အခက်အခဲများ | ၉ |
| | (က) ပို့ကုန်လုပ်ငန်းရှင်များ | ၉ |
| | (ခ ) နယ်စပ်ကုန်သည်များ | ၁၀ |
| | (ဂ ) အခြေခံတောင်သူများ | ၁၁ |
| ၈။ | အဖွဲ့အစည်းများနှင့်ပူးပေါင်းဆောင်ရွက်မှု | ၁၂ |
| ၉။ | စိုက်ပျိုးရေးကဏ္ဍတွင်လိုအပ်ချက်များ | ၁၂ |
| ၁၀။ | ကမ္ဘာ့ဘဏ်၏အကူအညီအထောက်အပံ့များ | ၁၃ |
| ၁၁။ | အစိုးရ၏ဆောင်ရွက်ချက်များ | ၁၄ |
| ၁၂။ | COVID–19 ကာလ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့် သမဝါယမအသင်း၏ ဆောင်ရွက်ချက် | ၁၅ |
| ၁၃။ | ကျွမ်းကျင်ပညာရှင်များ၏အမြင်များ | ၁၆ |
| ၁၄။ | အားသာချက်များ | ၁၈ |
| ၁၅။ | COVID–19 ကာလ အိန္ဒိယနိုင်ငံ၏လယ်ယာကဏ္ဍအပေါ်သက်ရောက်မှုများနှင့် ကုစားမှုများ | ၁၈ |
| ၁၆။ | COVID–19 ကာလ စိုက်ပျိုးရေးထွက်ကုန်များအား Online စနစ်ဖြင့် ရောင်းချသော နိုင်ငံများ၏ အခြေအနေများ | ၂၁ |
| ၁၇။ | နိဂုံး | ၂၂ |

## နိဒါန်း

၁။ စိုက်ပျိုးရေးနိုင်ငံတစ်နိုင်ငံဖြစ်သော မြန်မာနိုင်ငံသည် အခြားဖွံ့ဖြိုးဆဲနိုင်ငံများနှင့်နှိုင်းယှဉ်လျှင် ကိုဗစ်အလွန်ကာလတွင် ကမ္ဘာ့စားနပ်ရိက္ခာလိုအပ်ချက်အတွက် ဖြည့်ဆည်းပေးနိုင်စွမ်းရှိသည့် အခွင့်အလမ်းများရှိနေပါသည်။ လက်ရှိတွင် စိုက်ပျိုးရေးကဏ္ဍသည် အဓိကနိုင်ငံခြားဝင်ငွေ (စုစုပေါင်းဝင်ငွေ၏ ၁၇ ရာခိုင်နှုန်း) ကို ရှာဖွေပေးလျက်ရှိပါသည်။ ကမ္ဘာ့ဈေးကွက် အလားအလာများအရ မြန်မာနိုင်ငံအတွက် စိုက်ပျိုးရေးပို့ကုန်များကို အခြေခံ၍ စီးပွားရေး ဦးမော့လာစေရန် လုပ်ကိုင်နိုင်ရုံသာမက အနာဂတ်စိုက်ပျိုးရေးကဏ္ဍ၏ပုံသဏ္ဍာန်ကိုပါ ပြောင်းလဲနိုင်မည့်အခွင့်အလမ်းတစ်ရပ်လည်း ရှိနေပါသည်။

၂။ မြန်မာနိုင်ငံသည် စိုက်ပျိုးရေးထွက်ကုန်များကို အိမ်နီးချင်းနိုင်ငံများသို့ အားထားတင်ပို့နေရခြင်းဖြစ်ပြီး ယခု COVID-19 ကာလအတွင်း နိုင်ငံများ၏ကပ်ရောဂါဘေးကာကွယ်ရေးလုပ်ငန်းများကြောင့် ကုန်စည်စီးဆင်းမှုများ ရပ်ဆိုင်းထားရခြင်းနှင့်အတူ ကျေးလက်ဒေသ အိမ်ထောင်စုများ၏အသက်မွေးဝမ်းကြောင်းကို ထိခိုက်မှုများရှိပါသည်။ ထို့ပြင် ကျေးလက်နေမိသားစုများတွင်လည်း မိမိတို့အားကိုးအားထားပြုနေရသော ရွှေ့ပြောင်းအလုပ်လုပ်နေကြသည့် မိသားစုဝင်များထံမှ ပြန်ပို့ငွေများကို လက်ခံရရှိမှု တစ်စတစ်စလျော့နည်းလာ၍ ယခုနှစ်စိုက်ပျိုးချိန်တွင် အရန်ငွေပြတ်လပ်နေမှုများ ကြုံတွေ့နေရပါသည်။ သို့ဖြစ်ပါ၍ COVID-19 ကပ်ရောဂါ ကြုံတွေ့နေရသည့် အခြေအနေတွင် နိုင်ငံ၏ရိက္ခာဖူလုံရေးအပြင် ပို့ကုန်အဖြစ် တင်ပို့နိုင်မည့် စိုက်ပျိုးရေးလုပ်ငန်းများကို အဓိကဦးစားပေး ဆောင်ရွက်ရန်လိုအပ်လှပါသည်။[1]

## ရည်ရွယ်ချက်

၃။ ဤစာတမ်းတိုကို ရေးသားရခြင်း၏ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) COVID-19 မတိုင်မီနှင့် COVID-19 ကာလအတွင်း မြန်မာ့စိုက်ပျိုးရေးကဏ္ဍ အခြေအနေအားသိရှိနိုင်စေရန်၊

(ခ) COVID-19 ရောဂါကြောင့် မြန်မာ့စိုက်ပျိုးရေးကဏ္ဍ ထွက်ကုန်တင်ပို့မှုအပေါ် ထိခိုက်မှုများအားသိရှိနိုင်စေရန်၊

[1] ကိုဗစ်အလွန်မြန်မာ့စိုက်ပျိုးရေးအကျပ်အတည်းကြားမှစိန်ခေါ်မှုများနှင့်အခွင့်အလမ်းများ၊ https://ispmyanmarspecialseries.com/nww03/ မှရရှိပါသည်။ (ကြည့်ရှုရရှိသည့်ရက် မေ ၂၈၊ ၂၀၂၀)

(ဂ) COVID–19 ကာလအတွင်း စိုက်ပျိုးရေးချေးငွေထုတ်ချေးပေးနေမှုများကို သိရှိနိုင်စေရန်၊

(ဃ) အစိုးရ၏ဆောင်ရွက်ချက်များနှင့် ပညာရှင်များ၏အမြင်များကို သိရှိနိုင်စေရန်၊

(င) COVID–19 ကာလအတွင်း အိန္ဒိယနိုင်ငံ၏လယ်ယာကဏ္ဍအပေါ်သက်ရောက်မှုများနှင့် ကုစားမှုများအား သိရှိနိုင်စေရန်၊

(စ) COVID–19 ကာလအတွင်း နိုင်ငံအချို့၏ Online စနစ်ဖြင့် လယ်ယာထွက်ကုန်များ ရောင်းချမှုအခြေအနေများကို သိရှိနိုင်စေရန်။

**အချက်အလက်များဖော်ပြမှုနည်းနာနိဿယများ**

၄။ ဤစာတမ်းတိုတွင် အသုံးပြုထားသောသတင်းအချက်အလက်များကို အစိုးရ website များမှ ထုတ်ပြန်ထားသောသတင်းအချက်အလက်များ၊ ISP Myanmar special series No.3 ၊ Frontiermyanmar ၊ BBC ၊ Eeleven Media Group နှင့် The Voice Journal မှ အချက်အလက်များ၊ မြန်မာ့အလင်းသတင်းစာများ၊ မြန်မာတောင်သူကြီးများဂျာနယ်များနှင့် မြန်မာတိုင်းမ်နေ့စဉ်သတင်းစာမှ သတင်းအချက်အလက်များ ရယူထားပါသည်။

**လယ်ယာကဏ္ဍလက်တလောအခြေအနေ**

၅။ မြန်မာနိုင်ငံ၏ ရေမြေ၊ တောတောင်၊ ရာသီဥတု ကွဲပြားခြားနားမှုကြောင့် မိုးရာသီကာလတွင် စိုက်ပျိုးမှုပုံစံအမျိုးမျိုးကွဲပြားသည်ဖြစ်ရာ စိုက်ပျိုးထုတ်လုပ်မှု ကုန်ကျစရိတ်များလည်း ကွဲပြားခြားနားကြောင်းသိရှိရပါသည်။ သို့သော်လည်း မြန်မာ့တောင်သူများအားလုံး၏ တူညီသောအချက်မှာ စိုက်ပျိုးရေးလုပ်ငန်းများလုပ်ဆောင်ရန် သွင်းအားစုများနှင့် ငွေပင်ငွေရင်း လိုအပ်မှုများရှိနေပါသည်။ တောင်သူလယ်သမားများသည် စိုက်ပျိုးရေးဘဏ်က ထုတ်ချေးသော ချေးငွေအပြင် အခြားချေးငွေ၊ အသေးစားချေးငွေလုပ်ငန်းမှ ချေးငွေများနှင့် နိုင်ငံရပ်ခြားသို့ သွားရောက် အလုပ်လုပ်ကိုင်သော မိသားစုများ၏ပြန်ပို့ငွေတို့ဖြင့် စိုက်ပျိုးရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံနေကြရပါသည်။

၆။ တောင်သူများအတွက် အရေးကြီးသော သွင်းအားစုများမှာ မျိုး၊ မြေဩဇာနှင့် ပိုးသတ်ဆေးများဖြစ်ပြီး အများစုမှာ တရုတ်နိုင်ငံနှင့်ထိုင်းနိုင်ငံတို့မှ တင်သွင်းနေကြရပါသည်။ တောင်သူအများစု

သည် မိမိတို့မျိုးများကို ပြန်လည်အသုံးပြုခြင်း၊ ကျေးလက်ပွဲစားများထံမှ ဝယ်ယူခြင်းဖြင့် မျိုးရရှိနိုင်သော်လည်း နယ်စပ်ထွက်ပေါက်များ ပိတ်ဆို့ကန့်သတ်ထားခြင်း၊ အသွားအလာ ကန့်သတ်မှုများကြောင့် သယ်ယူပို့ဆောင်ရေးအဆင်မပြေဖြစ်ကာ မြေသြဇာနှင့်ပိုးသတ်ဆေး ရရှိနိုင်မှုမှာ အခက်အခဲရှိနိုင်ပါသည်။ [2]

၇။ COVID–19 ကာလမတိုင်မီကတည်းက လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် ပြောင်းလဲမှုများသည် အရှိန်အဟုန်ဖြင့် ဖြစ်ပေါ်နေပါသည်။ ပြောင်းလဲတိုးတက်မှုတစ်ရပ်မှာ လယ်ယာကဏ္ဍတွင် နယ်စပ်ကုန်သွယ်ရေးအပါအဝင် ပို့ကုန်သွင်းကုန်များကို ဖြေလျှော့ပေးသည့်အတွက် ဈေးကွက်တွင် လိုအပ်သောပစ္စည်းများထုတ်လုပ်လာနိုင်ပြီး ဈေးကွက်အမယ်များ စုံလင်လာပါသည်။ ထို့ပြင် လမ်းပန်းဆက်သွယ်မှုနှင့် အခြေခံအဆောက်အအုံများတိုးတက်လာသည့်အတွက် လယ်ယာစိုက်ပျိုးရေးထွက်ကုန်များ တစ်နေရာမှတစ်နေရာသို့လွယ်ကူစွာ ပို့ဆောင်နိုင်ခြင်း၊ လက်ကိုင်ဖုန်းများ ပေါ်များလာသည့်အတွက် တောင်သူလယ်သမားများ အသိအမြင်ပိုကျယ်ပြန့်လာခြင်းနှင့် ဈေးကွက်အကြောင်းပိုမိုသိလာခြင်းစသည်တို့သည် COVID–19 မတိုင်မီပြောင်းလဲ တိုးတက်မှုများဖြစ်ပါသည်။ [3]

**COVID–19 ကာလအတွင်း လယ်ယာစိုက်ပျိုးရေးကဏ္ဍအပေါ် သက်ရောက်မှုများ**

၈။ COVID–19 ကာလအတွင်း လယ်ယာစိုက်ပျိုးရေးကဏ္ဍအပေါ်သက်ရောက်မှုများမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) လက်ရှိကုန်စည်စီးဆင်းခြင်း နှေးကွေးမှုနှင့်အတူ စိုက်ပျိုးထုတ်ကုန်များ၏ဈေးကွက် ထိခိုက်ခြင်းနှင့် ရောင်းလိုအား၊ ဝယ်လိုအားမမျှတခြင်း၊

(ခ) ပို့ကုန်လမ်းကြောင်းများ ရပ်ဆိုင်းသွားသည့်အတွက် ပြည်ပသို့တင်ပို့သည့် ပို့ကုန်များ တုံ့ဆိုင်းသွားခြင်း၊

(ဂ) နယ်စပ်ကုန်သွယ်ရေးများတွင် တစ်ဖက်နိုင်ငံ၏ မူဝါဒအပြောင်းအလဲနှင့်အတူ တင်းကျပ်သည့်စိစစ်မှုများကြောင့် ယခုကာလအတွင်း ကုန်စည်စီးဆင်းမှုတုံ့ဆိုင်းခြင်း၊

[2] ကိုဗစ်အလွန်မြန်မာ့စိုက်ပျိုးရေးအကျပ်အတည်းကြားမှစိန်ခေါ်မှုများနှင့်အခွင့်အလမ်းများ၊ https://ispmyanmarspecialseries.com/nww03/ မှရရှိပါသည်။ (ကြည့်ရှုရရှိသည့်ရက် မေ ၂၈ ၊ ၂၀၂၀)

[3] မြန်မာ့စိုက်ပျိုးရေးအလှည့်အပြောင်းအဖြေ၊ စာမျက်နှာ– ၁၁၊ ဇွန် (၁၉) – ဇူလိုင် (၅)၊ ၂၀၂၀ ရက်နေ့ထုတ် The Voice Journal မှ ရရှိပါသည်။ (ကြည့်ရှုရရှိသည့်ရက် ဇွန် ၂၁ ၊ ၂၀၂၀)

(ဃ) ပြည်ပတွင် သွားရောက်လုပ်ကိုင်နေသူများမှ ကျေးလက်နေမိသားစုများထံ ငွေများ လွှဲပို့နိုင်မှုလျော့နည်းသွားခြင်း၊

(င ) နောက်ဆက်တွဲအနေဖြင့် ကျေးလက်နေတောင်သူလယ်သမားများ ခြိုးခြံချွေတာ သုံးစွဲရသည့်အတွက် လယ်ယာကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုပမာဏလျော့ကျလာပြီး ထုတ်လုပ်အားလည်း ကျဆင်းလာနိုင်ခြင်း၊

(စ ) အသွားအလာကန့်သတ်မှု အကျိုးဆက်အနေဖြင့် လယ်ယာလုပ်ငန်းခွင်နှင့်အတူ ယင်းနှင့်ဆက်စပ်လုပ်ငန်းများတွင် ဝင်ငွေရရှိမှုလျော့နည်းလာခြင်း၊ [4]

(ဆ) တစ်ပိုင်တစ်နိုင် ကိုယ်ထူကိုယ်ထ စိုက်ပျိုးပြီး တရုတ်ပြည်သို့ပို့ဆောင်နေသည့် တောင်သူများအတွက် အခက်အခဲများစွာ ရင်ဆိုင်နေရခြင်း၊

(ဇ ) တရုတ်နယ်စပ်ဂိတ်များ ပိတ်ပင်လိုက်သောကြောင့် ဒေသခံတောင်သူများ စိုက်ပျိုးထားသည့် ခြံထွက်သီးနှံများ တင်ပို့ရောင်းချနိုင်ခြင်းမရှိ၍ မိသားစုစားဝတ်နေရေး အတွက် အခက်အခဲများနှင့်ရင်ဆိုင်နေရခြင်း၊ [5]

(ဈ ) မျိုးစပါးဝယ်ယူသည့်နေရာတွင် အနည်းငယ်အခက်အခဲဖြစ်ပေါ်ခြင်း၊

(ည) ယခုနှစ်နွေရာသီက ထုတ်လုပ်ထားသည့်မျိုးစပါးများကို လာမည့်နှစ်ဆောင်းရာသီမှ ရောင်းချရမည်ဆိုပါက မျိုးစပါးများသည် သိုလှောင်ရုံများတွင် အောင်းနေရသည့် အတွက် ငွေကြေးအခက်အခဲရှိခြင်း၊

(ဋ ) ထွန်စက်များပံ့ပိုးပေးထားသော်လည်း ကျွမ်းကျင်လုပ်သားများမရှိ၍ စက်များရပ်ဆိုင်းထားရခြင်း၊

(ဌ ) စိုက်ပျိုးရေးသည် ရာသီအလိုက်ဆောင်ရွက်ရသည့်အတွက် အချိန်နှောင်းသွားမည်ကို စိုးရိမ်ပူပန်နေရခြင်း၊

(ဍ ) COVID-19 စတင်တွေ့ရှိချိန်တွင် ပြည်တွင်းစားသုံးသူများက စိုးရိမ်ပူပန်စိတ်များ၍ ရိက္ခာဝယ်ယူစုဆောင်းခြင်းများ လုပ်ဆောင်ကြသဖြင့် ပြည်တွင်းဆန်ဈေးနှုန်း မြင့်တက်လာခြင်း၊ [6]

---

[4] COVID-19 နှင့်လယ်ယာစိုက်ပျိုးရေးကဏ္ဍအပေါ် သက်ရောက်မှုများနှင့်စပ်လျဉ်း၍အပြန်အလှန်ဆွေးနွေး၊ စာမျက်နှာ-၃၊ ၁၉-၆-၂၀၂၀ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာမှ ရရှိပါသည်။ (ကြည့်ရှုရရှိသည့်ရက် ဇွန် ၂၂ ၊ ၂၀၂၀)

[5] ကိုဗစ်ကြောင့်နယ်စပ်ခြံစိုက်တောင်သူအကြွေးသောက၊ https://burmese.shannews.org/archives/16383 မှ ရရှိပါသည်။ (ကြည့်ရှုရရှိသည့်ရက် မေ ၁၀ ၊ ၂၀၂၀)

## စိုက်ပျိုးရေးပို့ကုန်ကဏ္ဍထိခိုက်မှု

၉။ တရုတ်နှစ်သစ်ကူးကာလ အစပိုင်း (၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီ–ဖေဖော်ဝါရီ) တွင် ရောဂါပျံ့နှံ့မှုကိုကာကွယ်ရန် နယ်စပ်ဝင်ပေါက် ၄ ခုကို တရုတ်နိုင်ငံကပိတ်လိုက်သဖြင့် တရုတ်–မြန်မာ ကုန်သွယ်မှုကို များစွာထိခိုက်စေခဲ့ပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ပင်လယ်စာလုပ်ငန်းများ အဆိုးရွားဆုံး ထိခိုက်ခဲ့ပါသည်။ နှစ်စဉ်ဒေါ်လာသန်းပေါင်းများစွာ တင်ပို့နေရသော ပို့ကုန်များဖြစ်သည့် ဖရဲသီး၊ သခွားမွှေး၊ တစ်ရှူးငှက်ပျောနှင့် ပင်လယ်စာတို့မှာ အများဆုံးထိခိုက်ခဲ့ပါသည်။ ထို့ပြင် နှစ်စဉ်တန်ချိန် ၇ သိန်းမှ ၈ သိန်းကြား တင်ပို့နေသည့်ဖရဲနှင့်သခွားမှာ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ကုန်ပိုင်းမှစ၍ ပြည်ပတင်ပို့မှု ရပ်ဆိုင်းသွားခဲ့ပါသည်။[7] ယခုအခါ COVID–19 ကပ်ရောဂါကြောင့် တရုတ်နယ်စပ်ဂိတ်များကို ပိတ်လိုက်ခြင်းသည် တန်နှင့်ချီသောဖရဲသီးများနှင့်ပြောင်းဖူးများကို စွန့်ပစ်ရသည်အထိဖြစ်ခဲ့ရပါသည်။ တောင်သူများ၏ ကာယအား၊ ဉာဏအားသာမက စီးပွားရေးအရလည်း ဆုံးရှုံးမှုများစွာ ဖြစ်ပေါ်ခဲ့ရခြင်းဖြစ်ပါသည်။ [8]

၁၀။ COVID–19 ရောဂါကြောင့် ရှမ်းပြည်တောင်ပိုင်း၊ ပင်လောင်းမြို့နယ်၊ နောင်တရားဒေသရှိ ဂေါ်ဖီစိုက်ဧက ၁၆၀၀ ခန့်မှထွက်ရှိသည့်ဂေါ်ဖီထုပ်များစွာအတွက် ဈေးကွက်မရှိဖြစ်ကာ လေလွင့်ဆုံးရှုံးခဲ့ရပါသည်။ ထို့ပြင် ပအိုဝ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် စိုက်ပျိုးထားသော ဂေါ်ဖီထွက်ရှိချိန်သည် COVID–19 ရောဂါကာလနှင့်တိုက်ဆိုင်နေသည့်အတွက် တစ်နိုင်ငံလုံး Stay at Home ကာလသတ်မှတ်ချိန်တွင် အသွားအလာမလုပ်နိုင်ခြင်း၊ စားသောက်ဆိုင်များ ဖွင့်လှစ်မှုမရှိခြင်းတို့ကြောင့် ဂေါ်ဖီထုပ်များရောင်းချနိုင်ခြင်းမရှိဘဲ စွန့်ပစ်လိုက်ရခြင်း စသည့်အခြေအနေများ ဖြစ်ပေါ်ခဲ့ပါသည်။ ဂေါ်ဖီစိုက်တောင်သူများသည် ပုဂ္ဂလိကချေးငွေလုပ်ငန်းများမှ ချေးငွေများရယူ၍ စိုက်ပျိုးထားခြင်းဖြစ်ပြီး ယင်းချေးငွေများ၊ စိုက်ပျိုးရေးဆေးဆိုင်မှ မြေဩဇာ၊ ဆေး၊ မျိုးစေ့တန်ဖိုးများ၊ ပွဲစားများထံမှ ကြိုတင်ငွေရယူထားခြင်းများစသည်တို့ကို ပြန်ပေးဆပ်ရန် အခက်အခဲများ ကြုံတွေ့နေရပါသည်။ ယင်းအခြေအနေများကြောင့် ဂေါ်ဖီစိုက်တောင်သူများကို တစ်ဖက်တစ်လမ်းမှ ကူညီသည့်အနေဖြင့် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ နောင်တရားပရဟိတအဖွဲ့က စိုက်ဧက ၃၀၀ ထဲမှ တောင်သူများ

---

[6] COVID–19 နှင့်လယ်ယာစိုက်ပျိုးရေးကဏ္ဍအပေါ် သက်ရောက်မှုများနှင့်စပ်လျဉ်း၍အပြန်အလှန်ဆွေးနွေး၊ စာမျက်နှာ–၃၊ ၁၉–၆–၂၀၂၀ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာမှ ရရှိပါသည်။ (ကြည့်ရှုရရှိသည့်ရက် ဇွန် ၂၂၊ ၂၀၂၀)

[7] ကပ်ဆိုက်ချိန်လျစ်လျူမရှုသင့်သည့်စိုက်ပျိုးမွေးမြူရေး၊ https://www.thevoicejournal.com/news/5259 မှ ရရှိပါသည်။ (ကြည့်ရှုရရှိသည့်ရက် ဧပြီ ၁၇၊ ၂၀၂၀)

[8] မြန်မာနိုင်ငံ ပြောင်းလုပ်ငန်းအသင်းဥက္ကဋ္ဌ ဦးမင်းခိုင်နှင့်ဆက်သွယ်မေးမြန်းခြင်း၊ https://www.thevoicejournal.com/news/5649 မှ ရရှိပါသည်။ (ကြည့်ရှုရရှိသည့်ရက် ဇွန် ၂၂၊ ၂၀၂၀)

အတွက် သင့်တင့်သောဈေးနှုန်းဖြင့် ဂေါ်ဖီထုပ်ပေါင်း ၅ သိန်းကို ဝယ်ယူ၍ ပြန်လည်လှူဒါန်းခဲ့ကြောင်း သိရှိရပါသည်။ [9]

၁၁။ အလားတူ COVID-19 ကာလ တရုတ်နိုင်ငံ၏ Stay at Home သတ်မှတ်ချက်များကြောင့် ဝယ်လက်ကုန်သည်များနည်းပါးခဲ့ခြင်းနှင့် စိန်တလုံးသရက်သီး စားသုံးသူနည်းပါးခြင်းတို့ကို ကြုံတွေ့ရပါသည်။ ထို့နောက် တင်ပို့သည့်အချိန်တွင် နယ်စပ်ဂိတ်၌ စောင့်ဆိုင်းရသည့်ရက်ကြာမြင့်ခဲ့၍ သရက်သီးများ ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ရပါသည်။ ထို့ပြင် တရုတ်နိုင်ငံသို့ ဆန်တင်ပို့၍ မရသည့်အတွက် တရုတ် – မြန်မာနယ်စပ်တွင် ဆန်အိတ်တစ်သိန်းကျော် ပိတ်မိခဲ့ပါသည်။ [10] မြန်မာနိုင်ငံ၏ အဓိကပို့ကုန်များဖြစ်သော ဆန်၊ ပဲ၊ ပြောင်းအပါအဝင် ကောက်ပဲသီးနှံများနှင့် သစ်သီးဝလံများသည် အမေရိကန်ဒေါ်လာလဲလှယ်နှုန်းအပြောင်းအလဲများပေါ်မူတည်၍ ထိခိုက်မှုများလည်းရှိနေကြောင်း သိရပါသည်။[11]

**COVID-19 ကာလ စိုက်ပျိုးရေးကဏ္ဍ သက်ဆိုင်သူများအလိုက် စိန်ခေါ်မှုနှင့်အခက်အခဲများ**

၁၂။ မြန်မာ့စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးတွင် အဓိကပါဝင်ပတ်သက်သော Stakeholders များအလိုက် COVID-19 ကာလအတွင်း ကြုံတွေ့နေရသော စိန်ခေါ်မှု၊ အခက်အခဲ၊ လိုအပ်ချက်များနှင့် ဖြေရှင်းဆောင်ရွက်နေမှုများကို အောက်ပါအတိုင်း တွေ့ရှိရပါသည်–

(က) **ပို့ကုန်လုပ်ငန်းရှင်များ ။** ပို့ကုန်လုပ်ငန်းရှင်များ၏ လက်ရှိအခက်အခဲမှာ စာရွက်စာတမ်းများကိစ္စဖြစ်ပါသည်။ သဘော်ာအဝင်အထွက်ရှိပြီး ဆိပ်ကမ်းကုန်တင်ကုန်ချလုပ်ငန်းများ အလျင်မီနေသေးသော်လည်း လေကြောင်းလိုင်းများ ပိတ်ထားမှုကြောင့် ကုန်အမှာစာများကြန့်ကြာနေရပါသည်။ အခြားနိုင်ငံများတွင် ယင်းကိစ္စများကို သီးခြားကိုင်တွယ်ဖြေရှင်းနေသော်လည်း မြန်မာနိုင်ငံတွင် ခရီးသည်တင်လေယာဉ်များ မှတစ်ဆင့်ဆောင်ရွက်လေ့ရှိရာ ယခုအခါယင်းလမ်းကြောင်းများအားလုံး နှေးကွေးလာသည့် နောက်ဆက်တွဲအခက်အခဲများကို တွေ့ရပါသည်။ ၂၀၁၈ ခုနှစ် ကမ္ဘာ့ဘဏ်

[9] COVID-19 ကြောင့်ပအိုဝ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိဂေါ်ဖီစိုက်ဧကေ ၁၆၀၀ ခန့်ဈေးကွက်ပျက်၊ https://myanmar.mmtimes.com/news/139576.html မှ ရရှိပါသည်။ (ကြည့်ရှုရရှိသည့်ရက် ဇွန် ၂၂၊ ၂၀၂၀)

[10] ရှမ်းပြည်ကပြောင်းဖူးတွေမြစ်ထဲပစ်ချနေရတဲ့နောက်ကွယ်၊ https://www.bbc.com/burmese/burma-52577383 မှ ရရှိပါသည်။ (ကြည့်ရှုရရှိသည့်ရက် ဇွန် ၂၂၊ ၂၀၂၀)

[11] ဗိုင်းရပ်စ်ကူးစက်ခံလိုက်ရသည့်မြန်မာ့ပို့ကုန်ကဏ္ဍ၊ https://burma.irrawaddy.com/article/2020/03/15/217995.html မှ ရရှိပါသည်။ (ကြည့်ရှုရရှိသည့် ရက် ဇွန် ၂၂၊ ၂၀၂၀)

မှထုတ်ပြန်ခဲ့သော (Logistics performance index-LPI) ကုန်စည်သယ်ယူပို့ဆောင်ရေးစွမ်းဆောင်ရည်ညွှန်းကိန်းအရ မြန်မာနိုင်ငံသည် အရှေ့တောင်အာရှနိုင်ငံများအားလုံးအနက် စွမ်းဆောင်ရည်အနည်းဆုံးနိုင်ငံ ဖြစ်နေသေးသည်ကို တွေ့ရှိရပြီး ပို့ကုန်လုပ်ငန်းဆောင်ရွက်ရန် ဆိပ်ကမ်းတစ်ခုတည်းသာရှိ၍ သင်္ဘောတင်လုပ်ငန်းများ ကြန့်ကြာမှုသည် အရှေ့တောင်အာရှနိုင်ငံများအနက် အဆိုးဝါးဆုံးအဆင့်တွင်ရှိနေပါသည်။ ထို့ပြင် စိုက်ပျိုးထုတ်လုပ်သောနိုင်ငံတစ်ခုဖြစ်သော်လည်း မြန်မာနိုင်ငံတွင် ကမ္ဘာ့အဆင့်မီ ကုန်လှောင်ရုံစနစ် မရှိသေးသည့်အတွက် သီးနှံပေါ်ချိန်တွင်သာရသည့်ပေါက်ဈေးနှင့်ရောင်းရပြီး သီးနှံရာသီအပြီးတွင် ရောင်းနိုင်ရန် စနစ်တကျသိုလှောင်ထားခြင်းနှင့် တောင်သူကို ကြိုတင်ငွေချေပေးနိုင်မည့် ခေတ်မီကုန်လှောင်ရုံပြေစာစနစ်မျိုး (Modern Warehouse Receipt System) မရှိသေးပါ။ မြန်မာ့ပဲမျိုးစုံဈေးကွက်၏ အရေးပါဆုံးအိမ်နီးချင်း အိန္ဒိယနိုင်ငံ နှင့်အစိုးရချင်း G-to-G ရေရှည်ဝယ်ယူရေးသဘောတူညီမှု (Long-term Purchase Agreement) မရနိုင်သေးသည့်အဟန့်အတားများစွာအနက် မိမိနိုင်ငံတွင် ခေတ်မီ သိုလှောင်ရုံစနစ်မရှိခြင်းသည်အဓိကအချက်ဖြစ်ပါသည်။ ကမ္ဘောဒီးယားနှင့်လာအိုတွင် အဆိုပါစနစ်များကို ကျင့်သုံးလျက်ရှိနေပြီဖြစ်ရာ ယင်းအဆင့်များကို မီရန်ပင် ၃၉ ဆင့် နှင့် ၅၅ ဆင့် ကျော်လွှားရဦးမည်ဖြစ်သောကြောင့် ကိုဗစ်အလွန်ကာလတွင် မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းများ အဝယ်လိုက်မည့်အချိန်၌ ထိုလိုအပ်ချက်ကို ဖြည့်ဆည်း ပြင်ဆင်သင့်ပါသည်။

(ခ) **နယ်စပ်ကုန်သည်များ ။** မြန်မာ့စိုက်ပျိုးရေးထွက်ကုန်အများစုသည် အိမ်နီးချင်းနိုင်ငံများကိုသာ အားထားတင်ပို့လျက်ရှိရာ တရုတ်နိုင်ငံသို့ တရုတ်-မြန်မာနယ်စပ်ဂိတ်များမှတင်ပို့မှုသည် ကိုဗစ်ဒဏ်ကို ကြီးစွာခံစားနေရပါသည်။ လက်ရှိတွင် တရုတ်နိုင်ငံသည် မြန်မာနိုင်ငံ၏အကြီးဆုံးကုန်သွယ်ဘက်နိုင်ငံတစ်နိုင်ငံဖြစ်ပြီး ပို့ကုန်၏ ၃၉ ရာခိုင်နှုန်းကို ရရှိထားပါသည်။ တရုတ်နိုင်ငံသို့ တင်ပို့နေသောကုန်ပစ္စည်းအမယ်အမျိုးမျိုးရှိသည့်အနက် လယ်ယာထွက်ကုန်တင်ပို့မှုသည် ထက်ဝက်ခန့်ရှိပါသည်။ သို့ဖြစ်ပါ၍ တရုတ်-မြန်မာ နယ်စပ်ဂိတ်များသည် မြန်မာ့လယ်ယာထွက်ကုန်များအတွက် တစ်ခုတည်းသော ကုန်စည်စီးဆင်းရာ ထွက်ပေါက်ကြီးဖြစ်ပါသည်။

နှစ်စဉ် တရုတ်နှစ်သစ်ကူးပွဲတော် ကျင်းပလေ့ရှိသော ဇန်နဝါရီ–ဖေဖော်ဝါရီ ကာလတို့သည် မြန်မာ့သီးနှံများ အထူးသဖြင့် ဖရဲ၊ သခွား သစ်သီးဝလံများအတွက် တစ်နှစ်လုံးတွင် တစ်ကြိမ်သာရသည့် ကြီးမားသောဝယ်လိုအားရှိသည့် ကာလလည်းဖြစ်ပါသည်။ ယခုနှစ်တွင် ထိုကာလမတိုင်မီ တရုတ်နိုင်ငံ၌ COVID–19 စတင်ဖြစ်ပွားခဲ့ရာ မြန်မာ့ပို့ကုန် ဖရဲ၊ သခွားများကို အချိန်မီ မတင်ပို့ရဘဲ လေလွင့်ပျက်စီးခဲ့ရပါသည်။ တရုတ်နိုင်ငံအတွင်း လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်လာ၍ ဝယ်လိုအားပိုမိုကျဆင်းခဲ့ရပြီး အခြားလယ်ယာထွက်ကုန် တင်ပို့မှုများပါ ကျဆင်းလာခဲ့ရပါသည်။

(ဂ) **အခြေခံတောင်သူများ။** COVID–19 ကာလအတွင်း အခြေခံတောင်သူများသည် မိမိစိုက်ပျိုးထွက်ရှိသော သီးနှံအများစုကို ရောင်းချပြီးသားဖြစ်ရာ ထိခိုက်ဆုံးရှုံးမှုများစွာမကြုံရသော်လည်း လာမည့်စိုက်ပျိုးရာသီအတွက် မျိုးစေ့၊ သွင်းအားစု၊ ချေးငွေနှင့်နည်းပညာအထောက်အပံ့များရရှိရန် အထူးလိုအပ်လျက် ရှိနေပါသည်။ COVID–19 ကာလအတွင်း လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်မှုနှင့်ခြေချုပ်အမိန့်များကြောင့် မျိုးစေ့နှင့်သွင်းအားစုများ ဖြန့်ဖြူးရောင်းချရေးတွင် ကန့်သတ်မှုများစွာ ဖြစ်နေပါသည်။ ယင်းအနက် တရုတ်နိုင်ငံမှ တင်သွင်းလျက်ရှိသော ဓာတ်မြေဩဇာ ရရှိရန်မှာ အဓိကအခက်အခဲဖြစ်နေပါသည်။ ထို့ပြင် ကျေးလက်တောင်သူများကို တစ်ဖက်တစ်လမ်းမှ ပံ့ပိုးလျက်ရှိသည့် အသေးစားငွေစုငွေချေးလုပ်ငန်းများ (MFIs) သည်လည်း ပြီးခဲ့သည့် ဧပြီလဆန်းမှစ၍ မေ ၁၅ ရက်အထိ လုပ်ငန်းများရပ်ဆိုင်းထားကြောင်း သိရှိရပါသည်။ အချို့တောင်သူများသည် ယခင်အကြွေးဟောင်းများကို ပြန်မဆပ်နိုင်သောကြောင့် လာမည့်စိုက်ပျိုးရေးရာသီအတွက် အခက်အခဲဖြစ်နေပါသည်။ တရားဝင်ဖွဲ့စည်းဆောင်ရွက်ခွင့်ရှိသော MFI များ ရပ်ဆိုင်းနေရ၍ တောင်သူများအနေဖြင့် အရပ်ထဲမှသာ ချေးငွေများကို ချေးယူဆောင်ရွက်နေရပါသည်။ [12]

[12] ကိုဗစ်အလွန်မြန်မာ့စိုက်ပျိုးရေးအကျပ်အတည်းကြားမှစိန်ခေါ်မှုများနှင့်အခွင့်အလမ်းများ၊ https://ispmyanmarspecialseries.com/nww03/ မှရရှိပါသည်။ (ကြည့်ရှုရရှိသည့်ရက် မေ ၂၈၊ ၂၀၂၀)

**အဖွဲ့အစည်းများနှင့်ပူးပေါင်းဆောင်ရွက်မှု**

၁၃။ တောင်သူအစုအဖွဲ့များသည် အတွေ့အကြုံနည်းပါးခြင်းနှင့် လေ့လာသင်ယူရန် လိုအပ်နေခြင်းတို့ကြောင့် နိုင်ငံတော်၏ပံ့ပိုးငွေကို အစိုးရ၊ ပုဂ္ဂလိက၊ INGOs နှင့် တောင်သူလယ်သမားတို့သည် အကျိုးတူကန်ထရိုက်စနစ်ဖြင့် စနစ်တကျပူးပေါင်းဆောင်ရွက်မည်ဆိုပါက ထင်သာမြင်သာရှိပြီး Covid-19 ကို ကျော်လွှားနိုင်မည်ဖြစ်ကာ ရေရှည်အကျိုးများမည်ဖြစ်ပါသည်။

၁၄။ မြန်မာ့စိုက်ပျိုးရေးကဏ္ဍအနေဖြင့် COVID-19 ဖိအားပေးမှုပြဿနာကို အခွင့်အလမ်းတစ်ရပ်အဖြစ်ရယူပြီး လုပ်အားဖိစီးမှု၊ ဆိုးရွားသည့်ရာသီဥတုဒဏ်ခံနေရသည့် မြန်မာ့လယ်ယာလုပ်ငန်းစဉ်တွင် စတင်စိုက်သည်မှ မျိုးစေ့ချ၊ အပင်ပြုစု၊ ပိုးမွှားကာကွယ်၊ ရိတ်သိမ်းနယ်လှေ့၊ သိုလှောင်သည်အထိ လယ်ယာအသေးသုံး စက်ကိရိယာများကို လယ်သမားအစုအဖွဲ့များက စီမံလုပ်ကိုင်စေခြင်းဖြင့်လည်းကောင်း သို့မဟုတ် ကုမ္ပဏီများ၊ International Nongobernmental Organizations-INGOs များနှင့် United Nations Office for Project Services-UNOPS တို့နှင့်ပေါင်းစပ်ညှိနှိုင်း၍ ကန်ထရိုက်လယ်ယာများ ထူထောင်စိုက်ပျိုးထုတ်လုပ်ခြင်းဖြင့်လည်းကောင်း၊ COVID-19 နှင့် လိုက်လျောညီထွေရှိသည့်အချိန်၊ လုပ်အား သက်သာသောထုတ်လုပ်မှုနှင့် ခေတ်မီတိုးတက်သည့် စိုက်ပျိုးရေးစနစ်တစ်ခုအဖြစ် အသွင်ပြောင်းရန် လိုအပ်လျက်ရှိပါသည်။ [13]

**စိုက်ပျိုးရေးကဏ္ဍတွင်လိုအပ်ချက်များ**

၁၅။ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရာတွင် လိုအပ်လျက်ရှိသော အချက်များကို ထုတ်နုတ်ဖော်ပြထားပါသည်-

(က) မိုးရာသီအတွက် မျိုးစေ့များနှင့်အခြားလယ်ယာသုံးသွင်းအားစုများ အချိန်မီ တောင်သူများထံရောက်ရှိရန် လိုအပ်ခြင်း၊

(ခ) လုပ်သားအပေါ် မှီခိုမှုလျှော့ချရန် မောင်းသူမဲ့လေယာဉ်များ၊ အလိုအလျောက်မောင်းနှင်နိုင်သောလယ်ထွန်စက်များ၊ မျိုးစေ့ချစက်ရုပ်များနှင့်ရိတ်သိမ်းစက်များ လိုအပ်ခြင်း၊

(ဂ) သီးနှံမျိုးစုံမျိုးကွဲ စိုက်ပျိုးခြင်းနှင့်စိုက်ပျိုးရေးဂေဟဗေဒဆိုင်ရာ နည်းပညာများကဲ့သို့ ထိန်းသိမ်းစောင့်ရှောက်ရေးအလေ့အကျင့်များလိုအပ်ခြင်း၊

[13] Ibid

(ဃ) လယ်သမားများ၏ထုတ်ကုန်များကို စားသုံးသူများထံသို့ တိုက်ရိုက်ရောင်းချနိုင်စေရန် ဒစ်ဂျစ်တယ်နည်းပညာအသုံးပြုသည့် E-Commerce ကို ပါဝင်ခွင့်ရှိခြင်း၊

(င ) တစ်နိုင်တစ်ပိုင်စိုက်ပျိုးခြင်းမှအဆင့်မြင့်သော ခေတ်မီအပင်စက်ရုံများ၊ ဆန်းသစ်သောစိုက်ပျိုးမွေးမြူစနစ်များ ကျင့်သုံးခြင်း၊

(စ ) စိုက်ပျိုးရေးထွက် ကုန်ကြမ်းပစ္စည်းများကို အဆင့်မြင့်ကုန်ချောထုတ်လုပ်နိုင်ရန် စီမံဆောင်ရွက်ခြင်းနှင့် ထွက်ကုန်များအတွက် ခေတ်မီသိုလှောင်ရုံများလိုအပ်ခြင်း၊

(ဆ) သယ်ယူပို့ဆောင်ရေးယာဉ်နှင့် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ရန်လိုအပ်ခြင်း၊

(ဇ ) ထောက်ပံ့ရေးလုပ်ငန်းစဉ်အား အဆင့်မြှင့်တင်ရန်လိုအပ်ခြင်း၊

(ဈ ) ဈေးကွက်ရှာဖွေခြင်းနှင့်အဖွဲ့အစည်းဆိုင်ရာဆန်းသစ်တီထွင်ခြင်း၊ [14]

**ကမ္ဘာ့ဘဏ်၏အကူအညီအထောက်အပံ့များ**

၁၆။ မြန်မာနိုင်ငံ စိုက်ပျိုးမွေးမြူရေးကဏ္ဍရှိတောင်သူလယ်သမားများ၏ထုတ်ကုန်များ တိုးမြင့်ရေးနှင့် သီးနှံအမျိုးအစားကွဲပြားစုံလင်စွာ စိုက်ပျိုးနိုင်ရေး၊ ဈေးကွက်ချိတ်ဆက်နိုင်မှု ကောင်းမွန်စေရေးတို့အတွက် မြန်မာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးမွေးမြူရေးစနစ်ဖွံ့ဖြိုးရေးစီမံကိန်းအား အကောင်အထည်ဖော်ရန် ကမ္ဘာ့ဘဏ်၏အမှုဆောင်ဒါရိုက်တာဘုတ်အဖွဲ့က အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးအသင်း (IDA) မှ အမေရိကန်ဒေါ်လာ သန်း ၂၀၀ ကို ချေးယူခဲ့ပါသည်။ အဆိုပါ ချေးငွေကို ၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် လက်ခံရရှိခဲ့ပါသည်။ [15] ရရှိလာမည့်ချေးငွေ သန်း ၂၀၀ အနက်မှ ၃၅ သန်းကို လယ်ယာစိုက်ပျိုးရေးသမဝါယမအသင်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်းကဏ္ဍ (၃) ရပ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ပါသည်။ ၎င်းစီမံကိန်းကဏ္ဍ (၃) ရပ်မှာ-

(က) သမဝါယမအသင်းများမှတစ်ဆင့် လယ်သမားများအတွက် စိုက်ပျိုးရေးသွင်းအားစုများထောက်ပံ့ပေးခြင်း၊

(ခ) မျိုးစေ့ထုတ်သမဝါယမအသင်းများ တောင့်တင်းခိုင်မာရေးအတွက် ငွေကြေးထောက်ပံ့ပေးခြင်း၊

---

[14] စားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးအပေါ် ကိုဗစ်-၁၉ ကပ်ရောဂါ၏သက်ရောက်မှု၊ https://www.agri.com.mm/20may2020mmal/ မှ ရရှိပါသည်။ (ကြည့်ရှုရရှိသည့်ရက် မေ ၇၊ ၂၀၂၀)

[15] The World Bank ၏ ကိုဗစ်-၁၉ ကြောင့် ထိခိုက်ရသည့်တောင်သူလယ်သမားများအား ပံ့ပိုးနိုင်မည့်မြန်မာနိုင်ငံစိုက်ပျိုးမွေးမြူရေးစနစ် ဖွံ့ဖြိုးရေးစီမံကိန်းအတည်ပြု သတင်းထုတ်ပြန်ချက် PDF File မှရရှိပါသည်။ (ကြည့်ရှုရရှိသည့်ရက် ဇူလိုင် ၅၊ ၂၀၂၀)

(ဂ) သမဝါယမကနဲထရိုက်လယ်ယာစနစ်ဆောင်ရွက်မည့် သမဝါယမအသင်းများကို ငွေကြေးထောက်ပံ့ခြင်းတို့ ဖြစ်ပါသည်။ [16]

**အစိုးရ၏ဆောင်ရွက်ချက်များ**

၁၇။ COVID-19 ကာလ လယ်ယာစိုက်ပျိုးရေးကဏ္ဍအပေါ် သက်ရောက်မှုများအား ကုစားနိုင်ရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများ ပူးပေါင်း ညှိနှိုင်းဆောင်ရွက်လျက်ရှိပါသည်။ နိုင်ငံတော်မှ ဆောင်ရွက်နေသည့် စီးပွားရေးပေါ်တွင် ထိခိုက်မှု သက်သာရေးစီမံချက်ဖြစ်သည့် COVID-19 Economic Relief Plan- CERP တွင် လယ်ယာ စိုက်ပျိုးရေးကုစားရေးကို ထည့်သွင်းဖော်ပြထားပါသည်။ CERP ၏ 2.1.7 (B) အရ စိုက်ပျိုးထုတ်လုပ် မှုမလျော့ကျစေရန် စပါးမျိုးစေ့ထုတ်လုပ်ငန်းကေတစ်သိန်း စီမံကိန်းပါဝင်ပြီး ယင်းလုပ်ငန်းကို စိုက်ပျိုးရေးဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိပါသည်။ ချင်းပြည်နယ်မှအပ ကျန်သည့်တိုင်းဒေသကြီး နှင့်ပြည်နယ်များရှိ မြို့နယ်ပေါင်း ၂၈၇ မြို့နယ်တွင် မိတ်ဖက်အဖွဲ့အစည်းများဖြစ်သော မျိုးစေ့ ထုတ်တောင်သူအသင်းအဖွဲ့၊ မျိုးစေ့ထုတ်သမဝါယမအသင်းအဖွဲ့၊ မျိုးစေ့ထုတ်ကုမ္ပဏီများနှင့် ပူးပေါင်းကာ ကန်ထရိုက်အကျိုးတူလယ်ယာစနစ်ဖြင့် ဆောင်ရွက်လျက်ရှိပါသည်။

၁၈။ စပါးမျိုးစေ့ထုတ်လုပ်ငန်းကေတစ်သိန်းတွင် အထွက်ကောင်းမျိုးစပါးကေပေါင်း ၆၉၃၃၅ ကေ နှင့် အရည်အသွေးကောင်းမျိုးစပါးကေပေါင်း ၃၀၆၆၅ ကေပါဝင်ပြီး မျိုးစေ့၊ ပြုစုလုပ်အားခ၊ မျိုးကွဲနုတ်ပယ်သည့်လုပ်ငန်းနှင့် မျိုးစေ့သန့်စင်သည့်လုပ်ငန်းများ၏လုပ်အားခများအတွက် CERP Program မှ ငွေကျပ် ၁၄.၉၁ ဘီလီယံအား ထောက်ပံ့ပေးလျက်ရှိရာ စက်တင်ဘာလကုန်တွင် အပြီးဆောင်ရွက်မည်ဖြစ်ပါသည်။ ထို့ပြင် ကုန်စည်စီးဆင်းမှုသွက်လက်မြန်ဆန်စေရေးအတွက် ပံ့ပိုးကူညီဆောင်ရွက်မည့်အစီအစဉ်ကို စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန၊ အခြား ဆက်စပ်ဝန်ကြီးဌာနများနှင့်လည်း ပေါင်းစပ်ကူညီဆောင်ရွက်လျက်ရှိပါသည်။[17]

---

[16] မြန်မာနိုင်ငံ၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် COVID-19 ၏ အကျိုးသက်ရောက်မှုကြောင့် ထိခိုက်ခဲ့ရသည့် စီးပွားရေးလုပ်ငန်းများကို ဖြေရှင်းနိုင်ရန် ကမ္ဘာ့ဘဏ်ချေးငွေ အမေရိကန်ဒေါ်လာ၃၅ သန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရန် စီမံလျက်ရှိကြောင်း ပြည်ထောင်စုဝန်ကြီးပြောကြား၊ https://news-eleven.com/article/181358 မှ ရရှိပါသည်။ (ကြည့်ရှုရရှိသည့်ရက် ဇူလိုင် ၇၊ ၂၀၂၀)

[17] COVID-19 နှင့်လယ်ယာစိုက်ပျိုးရေးကဏ္ဍအပေါ် သက်ရောက်မှုများနှင့်စပ်လျဉ်း၍အပြန်အလှန်ဆွေးနွေး၊ စာမျက်နှာ-၃၊ ၁၉-၆-၂၀၂၀ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာမှ ရရှိပါသည်။ (ကြည့်ရှုရရှိသည့်ရက် ဇွန် ၈၊ ၂၀၂၀)

၁၉။ အစိုးရသည် COVID–19 ကြောင့် ထိခိုက်ခံစားနေရသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းများကို ပြန်လည်ကုစားရေးအစီအစဉ်များအတွက် ကျပ် ၉၂.၆၁ ဘီလီယံ သုံးစွဲမည်ကို ဇွန်လ ၂၆ ရက် နေ့တွင် အစိုး၏စတုတ္ထတစ်နှစ်တာအတွင်း ဆောင်ရွက်ချက်များ၏ သတင်းစာရှင်းလင်းပွဲတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးလှကျော်က ပြောကြားခဲ့ပါသည်။[18] ထို့ပြင် COVID–19 ကြောင့် လယ်ယာထုတ်ကုန်သီးနှံများ ထုတ်လုပ်မှု မကျဆင်းစေရန်ရည်ရွယ်ပြီး ကေ ၄ သိန်းကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၏အစီအမံဖြင့် ဧက ၂ သိန်း၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏အစီအမံဖြင့် ဧက ၂ သိန်း စိုက်ပျိုးဆောင်ရွက်မည်ဖြစ်ပါသည်။ အဆိုပါ ဧက ၄ သိန်းကို နိုင်ငံတကာ ငွေကြေးအထောက်အပံ့၊ အစိုးရဘတ်ဂျက်တို့ဖြင့် ဆောင်ရွက်မည်ဖြစ်ပြီး တောင်သူများစိုက်ပျိုးရေး၊ သွင်းအားစုများရရှိရေးနှင့် ငွေကြေးအခက်အခဲများ မဖြစ်ပေါ်စေရန် စီမံဆောင်ရွက်ခြင်းဖြစ်ပါသည်။[19]

## COVID–19 ကာလ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့် သမဝါယမအသင်း၏ဆောင်ရွက်ချက်

၂၀။ လယ်ယာစိုက်ပျိုးရေးအတွက် အမိကအရင်းအနှီးကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က ထုတ်ချေးပေးနေပြီး စပါးသီးနှံတစ်ဧက ကျပ်တစ်သိန်းခွဲ၊ အခြား သီးနှံတစ်ဧက ကျပ်တစ်သိန်း ထုတ်ချေးပေးလျက်ရှိပါသည်။ ယခုကာလတွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများ ထိခိုက်ခြင်းကို ကုစားရန်နှင့်လယ်ယာကုန်ထုတ်လုပ်မှု တိုးတက်ရန် အစိုးရ၏လမ်းညွှန်ချက်နှင့်အညီ COVID–19 အထူးချေးငွေအဖြစ် တစ်ဧကလျှင် စိုက်ပျိုးစရိတ် ၅၀၀၀၀ ကျပ် ထပ်တိုးထုတ်ချေးပေးလျက်ရှိပါသည်။[20]

၂၁။ ယခင်က စိုက်ပျိုးစရိတ် ချေးငွေ အတိုးနှုန်းကို တစ်နှစ်လျှင် ၈ ရာခိုင်နှုန်းယူခဲ့ရာမှ ယခုနှစ်တွင် ၅ ရာခိုင်နှုန်းသို့ လျှော့ချပေးခဲ့ပါသည်။ မိုးသီးနှံချေးငွေသစ်ကို နှစ်စဉ် မေလမှ စက်တင်ဘာလအထိ ၅ လထုတ်ချေးပေးပြီး ချေးငွေပေးဆပ်သူများသာ ချေးငွေအသစ် ထပ်မံချေးပေးမည်ဖြစ်ပါသည်။ ယခုနှစ်တွင် မိုးစပါးအပါအဝင် မိုးသီးနှံချေးငွေ စုစုပေါင်းကျပ် ၁၅၆၀ ဘီလီယံ ထုတ်ချေးပေးလျက်ရှိပါသည်။[21]

---

[18] စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ရေလုပ်ငန်းများကိုဗစ်ကုစားရေးအတွက်ကျပ် ၉၂ ဘီလျံကျော်သုံးစွဲမည်၊ https://myanmar.mmtimes.com/news/140751.html မှ ရရှိပါသည်။ (ကြည့်ရှုရရှိသည့်ရက် ဇွန် ၂၈၊ ၂၀၂၀)

[19] COVID–19 ကြောင့်လယ်ယာထုတ်ကုန်မကျဆင်းစေရန် ဧကလေးသိန်းကို အစိုးရဦးဆောင်စိုက်ပျိုးမည်၊ https://myanmar.mmtimes.com/news/139197.html မှ ရရှိပါသည်။ (ကြည့်ရှုရရှိသည့်ရက် ဇွန် ၂၈၊ ၂၀၂၀)

[20] COVID–19 အထူးချေးငွေအဖြစ်တစ်ဧကလျှင်စိုက်စရိတ်ကျပ် ၅၀၀၀၀ ထပ်တိုးချေးပေးမည်၊ https://www.thefarmermedia.com/news/15215 မှ ရရှိပါသည်။ (ကြည့်ရှုရရှိသည့်ရက် ဇွန် ၂၃၊ ၂၀၂၀)

[21] အခွင့်အလမ်းမျှော်သည့် ကပ်အတွင်းက မိုးစပါး၊ https://thevoicejournal.com/news/5727 မှ ရရှိပါသည်။ (ကြည့်ရှုရရှိသည့်ရက် မေ၂၇၊ ၂၀၂၀)

၂၂။ COVID-19 ကာလအတွင်း သမဝါယမအသင်းသည် စိုက်ပျိုးရေးထွက်ကုန် သီးနှံများကို တောင်သူများထံမှ ပေါက်ဈေးနှုန်းများဖြင့်ဝယ်ယူ၍ ယင်းသီးနှံများကို လိုအပ်နေသည့်ဒေသများသို့ သမဝါယမအသင်းများ၏ချိတ်ဆက်မှုဖြင့် ဈေးကွက်ရှာဖွေပေးလျက်ရှိပါသည်။ ထိုသို့ ဈေးကွက်ရှာဖွေပေးရာတွင် သမဝါယမအသင်းဝင်မဟုတ်သည့် တောင်သူလယ်သမားများလည်း ပါဝင်နိုင်သကဲ့သို့ စိုက်ပျိုးထုတ်ကုန် ရောင်းချလိုသူတောင်သူများအနေဖြင့် သက်ဆိုင်ရာ ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက် သမဝါယမဦးစီးဌာနချုပ်ရုံးသို့ဆက်သွယ်၍ အကူအညီတောင်းခံနိုင်ကြောင်း သမဝါယမဦးစီးဌာနက ထုတ်ပြန်ကြေညာထားပါသည်။

၂၃။ ရှမ်းပြည်နယ် သမဝါယမအသင်းချုပ်က တောင်ကြီး၊ ပင်းတယမြို့နယ်ရှိ ဂေါ်ဖီစိုက်ပျိုးသည့်တောင်သူများထံမှ ဂေါ်ဖီထုတ် ၅၀၀၀ ကို တစ်ထုတ်လျှင် ၁၅၀ ကျပ်ဖြင့် ဝယ်ယူ၍ မန္တလေးတိုင်းဒေသကြီးတွင် ဝယ်ယူသည့်ဈေးနှုန်းအတိုင်း ပြန်လည်ရောင်းချပေးခဲ့ကြောင်း သမဝါယမဦးစီးဌာနမှ သိရှိရပါသည်။[22]

**ကျွမ်းကျင်ပညာရှင်များ၏အမြင်များ**

၂၄။ COVID-19 ကာလနှင့်အတူ နောက်ဆက်တွဲလယ်ယာစိုက်ပျိုးရေးအပေါ် သက်ရောက်မှုများနှင့် ပြုပြင်ဆောင်ရွက်သင့်သည့်အချက်များနှင့်ပတ်သက်၍ သဘောထားအချို့ကို ထုတ်နုတ်ဖော်ပြထားပါသည်-

(က) လူသုံးကုန်များကို နေ့စဉ်မသုံးလျှင်ဖြစ်သော်လည်း စားသောက်ကုန်များသည် မစားမသောက်၍မရသောကြောင့် အစိုးရ၏ကိုဗစ်စီးပွားရေးကယ်ဆယ်ရေး စီမံကိန်းတွင် စိုက်ပျိုးရေးကဏ္ဍကို ဦးစားပေးသင့်ခြင်း၊

(ခ) ကိုဗစ်ကြောင့်မြန်မာ့ဆန်ဝယ်လိုအား တစ်စထက်တစ်စ များပြားလာခြင်း၊

(ဂ) မြန်မာနိုင်ငံသည် တစ်နှစ်လျှင် ဆန်တန်ချိန် ၁၃ သန်းခန့်ထုတ်လုပ်နိုင်ပြီး ပြည်တွင်းစားသုံးမှု တန်ချိန် ၉ သန်းမှ ၁၀ သန်းရှိ၍ ပိုလျှံသည့် ဆန်တန်ချိန် ၃ သန်းကို ပြည်ပတင်ပို့နိုင်မည့် အင်အားရှိနေခြင်း၊

[22] တောင်သူများသီးနှံရောင်းချနိုင်ရန်သမဝါယမအသင်းကူညီမည်၊ https://myanmar.mmtimes.com/news/139940.html မှ ရရှိပါသည်။ (ကြည့်ရှုရရှိသည့်ရက် ဧပြီ ၂၃၊ ၂၀၂၀)

(ဃ) မြန်မာနိုင်ငံ၏ ဆန်အများဆုံးထုတ်ပေးနိုင်မည့် မိုးစပါးစိုက်ပျိုးရာသီစတင်နေပြီး စိုက်စရိတ်အရင်းအနှီးနှင့် လယ်ယာလုပ်သားရှားပါးမှုသည် အစဉ်အလာမပြတ် အကြပ်ရိုက်ဆဲဖြစ်ခြင်း၊ [23]

(င) မျိုးစပါးကိုထုတ်လုပ်ပြီးနောက် ရောင်းချနိုင်ရန် အဆက်အသွယ်များကို နိုင်ငံတော်အစိုးရက ဆက်သွယ်ပေးမည်ဆိုပါက ချက်ချင်းရောင်းချနိုင်ပြီး စိုက်ပျိုးရေးဘဏ်ကိုလည်း ချေးငွေပြန်လည်ပေးဆပ်သွားနိုင်မည်ဖြစ်ခြင်း၊

(စ) နိုင်ငံတော်အစိုးရအနေဖြင့် မျိုးစပါးထုတ်တောင်သူများကို မျိုးစေ့နှင့်သွင်းအားစုများ စိုက်ထုတ်ပေးထားပြီး မျိုးစေ့များကို ထိန်းသိမ်းပေးနိုင်မည့်အဖွဲ့အစည်းများဖြင့် ဆက်သွယ်ဆောင်ရွက်ပေးမည်ဆိုပါက တောင်သူများအနေဖြင့် အားသွန်ခွန်စိုက် စိုက်ပျိုးထုတ်လုပ်သွားနိုင်မည်ဖြစ်ခြင်း၊ [24]

(ဆ) ခေတ်မီစိုက်ပျိုးရေးစနစ်ထက် ရာသီဥတုဖောက်ပြန်၊ ပြောင်းလဲခြင်းကို ကာကွယ်ပေးနိုင်သော လယ်ယာမြေပြင်ဆင်မှုများလိုအပ်ခြင်း၊

(ဇ) အချိန်နှင့်တပြေးညီ လုပ်ကိုင်ဆောင်ရွက်နိုင်ရန် တောင်သူများတွင် ငွေရင်းငွေလုံးလုံလုံလောက်လောက်ရရှိရန် လိုအပ်ခြင်း၊

(ဈ) တောင်သူများအား အခြားအကြီးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းရှင်များကဲ့သို့ ဘဏ်အတိုးနှုန်းဖြင့် ၃ နှစ်၊ ၅ နှစ်ဆိုင်းငံ့ပြီး ချေးငွေများထုတ်ချေးပေးမှုများ လုပ်ဆောင်ပေးနိုင်ပါက သီးနှံအထွက်တိုးခြင်းနှင့် အရည်အသွေးကောင်းမွန်လာမည်ဖြစ်ခြင်း၊ [25]

(ည) COVID–19 ကြောင့် စားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးလုပ်ငန်းများအပါအဝင် စီးပွားရေးလုပ်ငန်းများကို ပြောင်းလဲတည်ထောင်ခြင်း၊[26]

---

[23] အခွင့်အလမ်းမျှော်သည့် ကပ်အတွင်းက မိုးစပါး၊ https://thevoicejournal.com/news/5727 မှ မြန်မာနိုင်ငံစပါးစိုက်ပျိုးထုတ်လုပ်သူများအသင်းဥက္ကဋ္ဌ ဦးစိန်ဝင်းလှိုင်၏ ပြောကြားချက်အားကောက်နုတ် ဖော်ပြထားခြင်းဖြစ်ပါသည်။ (ကြည့်ရှုရရှိသည့်ရက် မေ ၂၆၊ ၂၀၂၀)

[24] ၁၉-၆-၂၀၂၀ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် COVID–19 နှင့် လယ်ယာစိုက်ပျိုးရေးကဏ္ဍအပေါ် သက်ရောက်မှုများနှင့် စပ်လျဉ်း၍ အပြန်အလှန်ဆွေးနွေးမှုမှ ဧရာဝတီတိုင်းဒေသကြီး ထူးချွန်ဆုရတောင်သူလယ်သမား ဒေါ်ကျင်ဆိုင်၏ ပြောကြားချက်အား ကောက်နုတ်ဖော်ပြထားခြင်းဖြစ်ပါသည်။ (ကြည့်ရှုရရှိသည့်ရက် ဇွန် ၂၁၊ ၂၀၂၀)

[25] COVID 19 ကာလတွင် ခေတ်မီ စိုက်ပျိုးရေးစနစ်ဖြင့် လုပ်ဆောင်သင့် ဟုဆို၊ မြန်မာနိုင်ငံ တောင်သူလယ်သမားအသင်းဥက္ကဋ္ဌ ဦးသိန်းအောင်၏ပြောကြားချက်အား https://burma.irrawaddy.com/news/2020/06/17/224804.html မှ ရရှိပါသည်။ (ကြည့်ရှုရရှိသည့်ရက် ဇွန် ၂၀၊ ၂၀၂၀)

[26] စားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးအပေါ် ကိုဗစ်-၁၉ ကပ်ရောဂါ၏သက်ရောက်မှု၊ https://www.agri.com.mm/20may2020mmal/ မှ ရရှိပါသည်။ (ကြည့်ရှုရရှိသည့်ရက် မေ ၇၊ ၂၀၂၀)

**အားသာချက်များ**

၂၅။ COVID-19 ကြောင့် စိုက်ပျိုးရေးကဏ္ဍအခက်အခဲများကြုံရသော်လည်း နောက်ဆက်တွဲ သက်ရောက်မှုများမှ အောက်ပါအားသာချက်များကိုလည်း ဖော်ထုတ်ရရှိပါသည်-

(က) တောင်သူများအနေဖြင့် Stay Home ကာလတွင် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး လုပ်ကိုင်သည့်အတွက် မီးဖိုချောင်သစ်သီးဝလံများနှင့် သီးနှံများ ပိုမိုပေါများလာ၍ ပိုလျှံမှုများကို ရောင်းချနိုင်ခဲ့ခြင်း၊

(ခ ) ငါး၊ ပုစွန်များကိုလည်း ဒေသတွင်ရှိသည့်ချောင်းများမှ ရှာဖွေသည့်အတွက် ပေါများ လာခြင်း၊

(ဂ ) နိုင်ငံတော်၏ အရန်ရိက္ခာဆန် တန်ချိန် ၄ သောင်းကျော်စုဆောင်းထားနိုင်ခြင်း၊

(ဃ) ပြည်ပတင်ပို့သည့်လုပ်ငန်းစဉ်ကို မေလ ၁ ရက်မှ ဇွန်လ ၁၅ ရက်အထိ တန်ချိန် ၂ သိန်းကျော် ပုံမှန်ထက်ပို၍ ရောင်းချနိုင်ခဲ့ပြီး အမေရိကန်ဒေါ်လာ သန်း ၁၀၀ ခန့် နိုင်ငံခြား ဝင်ငွေရရှိခဲ့ခြင်း၊

(င ) COVID-19 ကာလတွင် အိမ်နီးချင်းနိုင်ငံများဖြစ်သည့် ဖိလစ်ပိုင်နိုင်ငံ၊ တရုတ်နိုင်ငံ နှင့်မလေးရှားနိုင်ငံတို့မှ ဆန်ရောင်းချပေးရန် သံတမန်လမ်းကြောင်းက တောင်းဆို လာခြင်း၊

(စ ) COVID-19 ကာလတွင် နိုင်ငံတော်အစိုးရနှင့် ပုဂ္ဂလိကလယ်ယာစီးပွားရေးလုပ်ငန်း ရှင်များနှင့်တောင်သူများသည် ပုံမှန်ထက်ပိုသည့်ပူးပေါင်းဆောင်ရွက်မှုများ လုပ်ဆောင် လာနိုင်ခြင်း၊

(ဆ) ထိုင်းနိုင်ငံသို့ ဆန်၊ ပြောင်း စသည့်ကုန်များ ရောင်းချမှု များပြားလာခြင်း။ [27]

**COVID-19 ကာလ အိန္ဒိယနိုင်ငံ၏လယ်ယာကဏ္ဍအပေါ်သက်ရောက်မှုများနှင့်ကုစားမှုများ**

၂၆။ အိန္ဒိယနိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်ရောဂါကူးစက်မှုအား ကာကွယ်ထိန်းချုပ်ရန် ဆက်သွယ် သွားလာမှုများအား ကန့်သတ်တားမြစ်ထားသဖြင့် လယ်ယာလုပ်ငန်းခွင်၌ လုပ်သားအင်အား ပြတ်လပ်လျက်ရှိပြီး ဆောင်းသီးနှံများ ရိတ်သိမ်းမှုနှင့် နွေသီးနှံစိုက်ပျိုးရန် ပြင်ဆင်မှုလုပ်ငန်းများ

---

[27] COVID-19 နှင့်လယ်ယာစိုက်ပျိုးရေးကဏ္ဍအပေါ် သက်ရောက်မှုများနှင့်စပ်လျဉ်း၍အပြန်အလှန်ဆွေးနွေး၊ စာမျက်နှာ-၃၊ ၁၉-၆-၂၀၂၀ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာမှ ရရှိပါသည်။ (ကြည့်ရှုရရှိသည့်ရက် ဇွန် ၂၁၊ ၂၀၂၀)

တွင် နှောင့်နှေးကြန့်ကြာမှုများ ဖြစ်ပေါ်လျက်ရှိပါသည်။ ပန်ဂျပ်၊ ဟာရီယာနာ၊ ဥတ္တရပရာဒေ့ရှ်၊ မဒ္ဒရာပရာဒေ့ရှ်၊ ရာဂျပ်စတန် စသည့်ပြည်နယ်များတွင် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ဆောင်းရာသီကာလ၌ စိုက်ပျိုးသည့်ဂျုံသီးနှံများအား ရိတ်သိမ်းချွေလှေ့ခြင်း၊ နွေရာသီကာလ ဝါဂွမ်းနှင့် ပဲတီစိမ်းသီးနှံများအတွက် စိုက်ခင်းများပြင်ဆင်ရန် လုပ်သားရှားပါးမှုပြဿနာနှင့် ကြုံတွေ့နေရသည့်အပြင် မြေဩဇာနှင့်မျိုးစေ့ စသည့်သွင်းအားစုလိုအပ်ချက်ဆိုင်ရာ စိန်ခေါ်မှုများကိုလည်း ရင်ဆိုင်နေရပါသည်။ ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရမှုနှင့် သံသယဖြစ်ဖွယ်ခံရပါက သီးသန့်ခွဲခြားနေထိုင်ရေးစခန်းများသို့ သွားရောက်ရမည်ကို စိုးရိမ်ကြလျက်ရှိပြီး အစိုးရ၏ထောက်ပံ့မှုများရရှိနေခြင်းက လယ်ယာလုပ်ငန်း၌လုပ်ကိုင်သည့်လုပ်သားများအား ၎င်းတို့၏ရပ်ရွာမှစွန့်ခွာ၍ လုပ်ငန်းခွင်သို့ဝင်ရောက်လိုမှုကို လျော့ပါးစေပါသည်။ အသွားအလာများ ကန့်သတ်တားမြစ်ထားခြင်းကလည်း ရိတ်သိမ်းချွေလှေ့စက်များအပါအဝင် လယ်ယာသုံးစက်ကိရိယာနှင့် ဆက်စပ်ဝန်ဆောင်မှုများရရှိနိုင်ရေးကို ခက်ခဲခဲ့ပါသည်။

၂၇။ Lockdown ကာလအတွင်း ထွန်ယက်စိုက်ပျိုးမှုနှင့် ရိတ်သိမ်းချွေလှေ့မှုဆိုင်ရာ စက်ကိရိယာများ ဖြန့်ဖြူးခြင်း၊ ပြင်ဆင်ထိန်းသိမ်းရေး ဝန်ဆောင်မှုပေးခြင်းတို့ကို ဗဟိုအစိုးရနှင့် ပြည်နယ်အစိုးရများကခွင့်ပြုထားသော်လည်း အောက်ခြေအဆင့်၌ ၎င်းစက်ကိရိယာများ သယ်ယူပို့ဆောင်ရန် ဖြတ်သန်းသွားလာခွင့်လက်မှတ်ရရှိရေး၊ စက်ပစ္စည်းပြင်ဆင်မှုနှင့်ရောင်းချမှုဆိုင်ရာ လက်လီဆိုင်များဖွင့်လှစ်ခွင့်ရရှိရေးတို့တွင် ကြန့်ကြာမှုများရှိနေပါသည်။ ဟာရီယာနာပြည်နယ်တွင် လယ်ယာသုံးပစ္စည်းအရောင်းဆိုင်များ၏ ၄၀ ရာခိုင်နှုန်းခန့်သာ ဖွင့်လှစ်နိုင်မှုရှိပြီး ဆောင်းသီးနှံရိတ်သိမ်းချွေလှေ့မှုလုပ်ငန်း၌ စက်ကိရိယာများ အပြည့်အဝသုံးစွဲနိုင်ခြင်းမရှိသေးသဖြင့် ဂျုံသီးနှံရိတ်သိမ်းမှုအား ထိခိုက်ဖွယ်ရှိကြောင်း သိရှိရပါသည်။

၂၈။ အိန္ဒိယနိုင်ငံတောင်ပိုင်းကီရာလာပြည်နယ်တွင် ရော်ဘာ၊ ကော်ဖီ၊ လက်ဖက်၊ ငရုတ်ကောင်း စသည့်စိုက်ခင်းများ၌ လုပ်သားအင်အား အပြည့်အဝလုပ်ကိုင်နိုင်မှုမရှိခြင်းကြောင့် ဆုံးရှုံးမှုများ ဖြစ်ပေါ်နိုင်သဖြင့် လုပ်ငန်းခွင်ဝင်ရောက်ခွင့်ပြုသည့်လုပ်သားအရေအတွက် သတ်မှတ်ချက် တိုးမြှင့်ပေးရန် အာဏာပိုင်များသို့ လုပ်ငန်းရှင်များက တောင်းဆိုလျက်ရှိပါသည်။ ကီရာလာပြည်နယ်၌ မတ်လ ၂၄ ရက်နေ့၌ စတင်ခဲ့သည့် အသွားအလာ တားမြစ်ကန့်သတ်မှုကြောင့် ရော်ဘာလုပ်ငန်း

ကဏ္ဍ၌ ရူပီးငွေ ၃၀ ဘီလီယံခန့်အထိ ဆုံးရှုံးမှုဖြစ်စေပါသည်။ သို့ဖြစ်ရာ ပြည်နယ်အစိုးရအနေဖြင့် ရော်ဘာစိုက်ဧရိယာတစ်ဟက်တာလျှင် စိုက်ခင်းထိန်းသိမ်းရေးလုပ်သား ၃ ဦးမှ ၄ ဦးနှင့် အစေးခြစ်လုပ်သားအနည်းဆုံးတစ်ဦးတို့ကို လုပ်ကိုင်ခွင့်ပြုရန် တောင်းဆိုရပါသည်။ ၎င်းပြည်နယ်ရှိ လက်ဖက်စိုက်ခင်းများ၌ စိုက်ခင်းပြုပြင်ခြင်း၊ ခူးဆွတ်ခြင်း၊ ဆေးဖြန်းခြင်း၊ စက်ရုံလုပ်ငန်း ဆောင်ရွက်ခြင်းတို့အတွက် လုပ်သားအင်အား ၅၀ ရာခိုင်နှုန်းဖြင့်သာလုပ်ကိုင်ရန် ဒေသအာဏာပိုင်များက ညွှန်ကြားထားကြောင်း၊ ကော်ဖီစိုက်ခင်းများအနက်ကုန်းမြင့်ဒေသရှိ အာရေးဗီးကာကော်ဖီခင်းအချို့၌သာ ခူးဆွတ်ရိတ်သိမ်းနိုင်မှုရှိပြီး ရိုဘတ်စတာကော်ဖီနှင့် ငရုတ်ကောင်းစိုက်ခင်းများတွင် လုပ်သားပြတ်လပ်မှုနှင့် ကြုံတွေ့နေရကြောင်းသိရှိရပါသည်။

၂၉။ အိန္ဒိယတစ်နိုင်ငံလုံး၌ ကန့်သတ်တားမြစ်သည့်ကာလအတွင်း လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများ ပုံမှန်ဆောင်ရွက်ခွင့်ပြုကြောင်း ဗဟိုအစိုးရက ၂၇-၃-၂၀၂၀ ရက်၌ အမိန့်ထပ်မံထုတ်ပြန်ခဲ့သော်လည်း ဒေသန္တရအစိုးရများ၏နယ်မြေအခြေအနေအလိုက် ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှု ထိန်းချုပ်နိုင်ရေးဆောင်ရွက်မှုများရှိခြင်း၊ ရွှေ့ပြောင်းလုပ်သားများအနေဖြင့် လယ်ယာလုပ်ငန်းသို့ ပြန်လည်လုပ်ကိုင်ရန် အလှမ်းကွာဝေးနေဆဲဖြစ်ခြင်းတို့က အိန္ဒိယ၏လယ်ယာကဏ္ဍ၌ လုပ်သားအင်အားလျော့ကျမှုဖြစ်ပေါ်စေပြီး လာမည့်ရာသီကာလ စိုက်ပျိုးရေးလုပ်ငန်းများ လုပ်ကိုင်မှုအပေါ် ထိခိုက်ဖွယ်ရှိနိုင်ပါသည်။ [28]

၃၀။ အိန္ဒိယအစိုးရအနေဖြင့် COVID-19 ကပ်ရောဂါကြောင့် လယ်ယာကဏ္ဍအပေါ် ရင်ဆိုင်နေရသောစိန်ခေါ်မှုများကိုအကဲဖြတ်ပြီး အကျပ်အတည်းလွန်ကာလ၌ စားနပ်ရိက္ခာဖူလုံ၍ ရေရှည်တည်တံ့သောနည်းလမ်းများအား အကြံပြုခဲ့ပါသည်။ တစ်နိုင်ငံလုံး ပိတ်ဆို့ခြင်းကြေငြာပြီးသည်နှင့်တစ်ပြိုင်နက် အိန္ဒိယဘဏ္ဍာရေးဝန်ကြီးက ကြိုတင်ငွေ Indian Rupee Rates (INR) ၁.၇ ထရီလီယံကို ထုတ်ပေးခဲ့ပါသည်။ အဓိကအားဖြင့် COVID-19 ကြောင့် ဆိုးရွားသောသက်ရောက်မှုများမှ ကာကွယ်ရန် တောင်သူလယ်သမားများအပါအဝင် ထိခိုက်လွယ်သောအုပ်စုများအား ထုတ်ပေးခြင်းဖြစ်ပါသည်။ ယင်းအစီအစဉ်အရ ဝင်ငွေအထောက်အပံ့အဖြစ် အိန္ဒိယရူပီး ၂၀၀၀ ကို တောင်သူလယ်သမားများ၏ဘဏ်စာရင်းသို့ ကြိုတင်ထုတ်ပေးခြင်းများ ပါဝင်ပါသည်။

[28] အိန္ဒိယနိုင်ငံ၌ လယ်ယာလုပ်ငန်းဆောင်ရွက်မှုများ နှောင့်နှေးမှုဖြစ်ပေါ်လျက်ရှိခြင်း၊ https://tinyurl.com/y4k5ocvg မှ ရရှိပါသည်။ (ကြည့်ရှုရရှိသည့်ရက် ဧပြီ ၁၀၊ ၂၀၂၀)

၃၁။ အိန္ဒိယစိုက်ပျိုးရေးသုတေသနကောင်စီ (Indian Council of Agricultural Research –ICAR) က ကန့်သတ်ကာလအတွင်း လယ်သမားများ လိုက်နာရန်ပြည်နယ်ဆိုင်ရာ လမ်းညွှန်ချက်များကို ထုတ်ပြန်ခဲ့ပါသည်။ ရော်ဘာအမျိုးမျိုး (ဆောင်းရာသီကြဲသည့်ကောက်ပဲသီးနှံများ) ကို ရိတ်သိမ်းခြင်းနှင့်ခြွေလှေ့ခြင်း၊ သီးနှံရိတ်သိမ်းပြီးနောက် သိုလှောင်ခြင်းနှင့် ရောင်းဝယ်ခြင်းတို့တွင် လမ်းညွှန်ချက်များကို ဖော်ပြထားပါသည်။ စိုက်ပျိုးရေးကာလနှင့် သီးနှံဈေးငွေများကို ဘဏ်လုပ်ငန်းအဖွဲ့အစည်းများမှ ၃ လ (မတ်လ ၁ ရက်မှ မေလ ၃၁ ရက်အထိ) ဆိုင်းငံ့ထားပြီး ဈေးယူသူများအတွက် INR ၃၀၀,၀၀၀ အထိကို သီးနှံဈေးငွေအတိုးနှုန်း ၃ ရာခိုင်နှုန်းဖြင့် ခွင့်ပြုထားပါသည်။ [29]

## COVID–19 ကာလ စိုက်ပျိုးရေးထွက်ကုန်များအား Online စနစ်ဖြင့်ရောင်းချသောနိုင်ငံများ၏ အခြေအနေများ

၃၂။ COVID–19 ကာလအတွင်း ကန့်သတ်ပိတ်ဆို့မှုများကြောင့် စိုက်ပျိုးရေးထွက်ကုန်များအား သမရိုးကျနည်းဖြင့် မဟုတ်ဘဲ Online စနစ်ဖြင့်ရောင်းချသောနိုင်ငံအချို့၏ အခြေအနေများကို တင်ပြပြထားပါသည်–

(က) **မလေးရှားနိုင်ငံ။** COVID–19 ကာလပိတ်ဆို့မှုများကြောင့် မလေးရှားလယ်သမားအချို့၏သီးနှံကုန်စိမ်းတန်ပေါင်းများစွာအား ပထမဆုံးအနေဖြင့် Online မှ ရောင်းချသည့်နည်းစနစ်ကို ပြောင်းလဲရပ်တည်လာကြပါသည်။ Lockdown လုပ်ခဲ့သည့် ပထမဆုံးအပတ်တွင် သီးနှံတစ်တန်ခွဲကျော် ရောင်းချနိုင်ခဲ့ပါသည်။

(ခ) **အင်ဒိုနီးရှားနိုင်ငံ။** COVID–19 ကပ်ရောဂါကြောင့် မိမိတို့၏ထွက်ကုန်များကို ယခင်အတိုင်း မရောင်းချနိုင်သောအခက်အခဲများကြောင့် စိုက်ပျိုးရေးသမား ၂၅၀၀ ၏ကုန်စိမ်းများကို အွန်လိုင်းမှ ရောင်းဝယ်နိုင်စေရန် ဆောင်ရွက်ခဲ့ပါသည်။

(ဂ) **ထိုင်းနိုင်ငံ။** ထိုင်းနိုင်ငံတွင် COVID–19 ကာလအတွင်း သီးနှံများကို ပြည်တွင်းရောင်းချခြင်းနှင့် ပြည်ပတင်ပို့သည့်လယ်သမားများအနေဖြင့် မိမိတို့၏ထုတ်ကုန်များကို Online မှ ရောင်းချနိုင်ရန် လာဇာဒါ (Lazada) အွန်လိုင်းရောင်းဝယ်ရေးနှင့် အစိုးရတို့ ပူးပေါင်းလုပ်ဆောင်ခဲ့ပါသည်။ [30]

[29] Containing COVID-19 impacts on Indian agriculture ၊ https://www.preventionweb.net/news/view/71330 မှ ရရှိပါသည်။ (ကြည့်ရှုရရှိသည့်ရက် ဇူလိုင် ၁၇၊ ၂၀၂၀)

[30] ကိုဗစ်ကာလ အရှေ့တောင်အာရှ ငါးဖမ်းသမားစိုက်ပျိုးရေးသမားတွေ အွန်လိုင်းက ဈေးရောင်း၊ https://www.bbc.com/burmese/world–52897825 မှ ရရှိပါသည်။ (ကြည့်ရှုရရှိသည့်ရက် ဇွန် ၃၊ ၂၀၂၀)

၃၃။ မြန်မာနိုင်ငံအနေဖြင့်လည်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာ့ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ မြန်မာအပြည်ပြည်ဆိုင်ရာကုန်သွယ်မှုဗဟိုဌာနက ဦးဆောင်၍ Myanmar Online Expo Park ကို ဩဂုတ်လ ၂၄ ရက်မှ ၃၀ ရက်ထိ ၇ ရက်ကြာ Online မှတစ်ဆင့် မြန်မာ့လယ်ယာထွက်ကုန်နှင့်စားသောက်ကုန်များကို Visual display hall အနေဖြင့် အရောင်းစင်တာကြီးတစ်ခုကို ဖန်တီး၍ ပထမဆုံးအကြိမ် ဆောင်ရွက်မည်ဖြစ်ပါသည်။ [31]

**နိဂုံး**

၃၄။ စိုက်ပျိုးရေးကဏ္ဍသည် စိုက်ပျိုးရေးအခြေပြု ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးတွင် အခြေခံခိုင်မာမှုရှိသည့်ကဏ္ဍဖြစ်သည့်အတွက် ယခုလို COVID-19 ကာလတွင် လိုအပ်မည့်ပြုပြင်ပြောင်းလဲမှုများကိုသာ စနစ်တကျပူးပေါင်းပါဝင် လုပ်ဆောင်နိုင်မည်ဆိုပါက အားသာချက်များဖြစ်ပေါ်စေပြီး နိုင်ငံ၏စီးပွားရေးအတွက် များစွာအထောက်အကူပြုမည်ဖြစ်ပါသည်။ စိုက်ပျိုးရေးကဏ္ဍကို ပြုပြင်ပြောင်းလဲမှုများပြုလုပ်၍ ထုတ်လုပ်နိုင်စွမ်းမြှင့်တင်မှသာလျှင် ပြည်တွင်းစားသုံးမှုဖူလုံရုံသာမက ရိက္ခာလိုအပ်ချက်ရှိသည့်နိုင်ငံများသို့ပါ တင်ပို့ရောင်းချနိုင်မည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ယခုကဲ့သို့ COVID-19 ကပ်ရောဂါ ကြုံတွေ့နေရသည့်အခြေအနေတွင် နိုင်ငံ့ရိက္ခာဖူလုံရေးအပြင် ပို့ကုန်အဖြစ်တင်ပို့နိုင်မည့် စိုက်ပျိုးရေးလုပ်ငန်းများကို အဓိကဦးစားပေး ဆောင်ရွက်ရန်လိုအပ်နေမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

သုတေသနဌာန

ပြည်သူ့လွှတ်တော်ရုံး

**ဤစာတမ်းတိုအား ဒေါ်မေဇင်အောင်(ဒုတိယဦးစီးမှူး) မှ တာဝန်ယူရေးသား၍ သုတေသနဌာနမှ အရာထမ်းအဆင့်ဆင့်က ဝိုင်းဝန်းကြီးကြပ်တည်းဖြတ်၍ ထုတ်ဝေခြင်းဖြစ်ပါသည်။**

[31] ပြည်ပဈေးကွက်ဖော်ဆောင်ရန်မြန်မာ့ထွက်ကုန်အွန်လိုင်းအရောင်းပြပွဲကျင်းပမည်၊ စာမျက်နှာ-၂၊ ၂-၈-၂၀၂၀ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာမှ ရရှိပါသည်။ (ကြည့်ရှုရရှိသည့်ရက် ဩဂုတ် ၃၊ ၂၀၂၀)

**သတိပြုရန်**

ဤသတင်းအချက်အလက်သည် လွှတ်တော်ကိုယ်စားလှယ်များအား ၎င်းတို့၏ လွှတ်တော်ဆိုင်ရာ တာဝန်များကို ဆောင်ရွက်ရာတွင် အထောက်အကူပြုရန်အတွက် ဖြစ်ပါသည်။ ပုဂ္ဂိုလ်ရေးဆိုင်ရာ ကိစ္စ တစ်စုံတစ်ခုအတွက် အသုံးပြုရန်မဟုတ်ပါ။ အချိန်နှင့်တပြေးညီ နောက်ဆုံးရသတင်းဖြစ်မည်ဟု သတ်မှတ် မထားသင့်ပါ။ ဤအချက်အလက်များအား တရားဝင် သို့မဟုတ် ပညာရှင်ဆိုင်ရာအကြံပေးချက်အဖြစ် မသတ်မှတ်သင့်ပါ။ အထူးအကြံပေးချက် သို့မဟုတ် သတင်းအချက်အလက်များလိုအပ်ပါက အရည် အသွေးပြည့်မီသော သင့်လျော်သည့် ကျွမ်းကျင်ပညာရှင်နှင့် ဆွေးနွေးတိုင်ပင်သင့်ပါသည်။ လွှတ်တော် သုတေသနဝန်ဆောင်မှုသည် စာတမ်းတိုများတွင် ပါဝင်သောအကြောင်းအရာများနှင့် စပ်လျဉ်း၍ လွှတ်တော် ကိုယ်စားလှယ်များ၊ လွှတ်တော်ဝန်ထမ်းများနှင့် ဆွေးနွေးမှုများ ပြုလုပ်ပေးနိုင်ပါသည်။ အများပြည်သူနှင့် ဆွေးနွေးမှုများ ပြုလုပ်ခြင်းမရှိပါ။

သုတေသနလုပ်ငန်းဆိုင်ရာ စုံစမ်းမေးမြန်းမှုများပြုလုပ်ရန်
(သို့မဟုတ်) သုတေသနဌာနအား လာရောက်လေ့လာရန်
အောက်ပါလိပ်စာအတိုင်း ဆက်သွယ်နိုင်ပါသည်။
သုတေသနဌာန
ပြည်သူ့လွှတ်တော် C ဆောင် - ဒုတိယထပ်
တယ်လီဖုန်း - ၀၆၇ - ၅၉၁၂၈၄၊ ၀၆၇ - ၅၉၁၂၈၅